ကြားသိတော်မူ၍ " တဆယ့်ငါးနှစ် အသက်ပြည့်မှ ကိုရင်ဝတ် ပေးရမည်"ဟု ပဌမ ပညတ်တော်မူသည်။

**ကျီးချောက်နိုင်လျှင် ရှင်ပြုတော့။** ။ထိုသို့ပညတ်တော်မူပြီး နောက် အရှင်အာနန္ဒာ ၏ ဒါယကာ အမျိုးလည်း ထို"အဟိဝါတ" ရောဂါဆိုးကြောင့် ပင် ပျက်စီးကြလေရာ လူမမယ်ကလေး ၂-ယောက်သာ ကျန် ရစ်၏၊ ထိုကလေး ၂-ယောက်သည် မိဘများ လက်ထက်က ရဟန်းများနှင့် အရောတဝင်နေလေ့ရှိသည့်အတိုင်း ထိုအချိန် မှာ ရဟန်းတော်များကို သာ၍ အားကိုးရှာသဖြင့် ရဟန်း တော်များ မြင်လျှင် ပြေးလာကြကုန်၏၊ ထိုအခါ ကရုဏာ ကင်းမဲ့သော ရဟန်းတို့က ငေါက်ငမ်းကြသောကြောင့် ကလေးတွေ ငိုကြရှာလေသည်။

ထိုဖြစ်ပုံကို အရှင်အာနန္ဒာ မြင်ရ၍ သနားခြင်း ပြင်းပြ သော်လည်း တဆယ့်ငါးနှစ် မပြည့်သေးရကား ရှင်ပြုပေးလိုပါ လျက် မပေးသာသောကြောင့် ဘုရားရှင်အား အကြောင်းစုံ ကို လျှောက်ရလေသည်၊ ထိုအခါ "ကျီးချောက်နိုင်လောက်ပြီ လား=(မိမိရှေ့၌ ချထားသော ဆွမ်းကို ကျီးမနှိုက်အောင် ချောက်၍ စားနိုင်လောက်ပြီလား)"ဟု မေးတော်မူ၍ "ချောက်နိုင်လောက်ပါပြီ" ဟု လျှောက်ထားသဖြင့် "ကျီး ချောက်နိုင်လောက်သော ကလေးကို တဆယ့်ငါးနှစ် မပြည့် သေးသော်လည်း ရှင်ပြုပေးနိုင်၏"ဟု ခွင့်ပြုတော်မူသည်။

**ကျင့်နိုင်ခြင်းသာ ပမာဏ။** ။ဤ ခွင့်ပြုတော် မူချက်သည် သနားစဘွယ် ကလေးများ၏